

တောင်တရားခုံရုံးနှင့်
ပလက်ဝမြို့နယ်၏ တရားစီရင်ရေးစနစ်

ကဝ်ဖ နိုဝင်ဘာ

KIMO Institute
Research Centre

Law School
KIMO Institute

နိဒါန်း

ဤအစီရင်ခံစာတွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ဒေသခံခူမီး (ချင်း) မျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းတရားစီရင်ရေးစနစ်နှင့် စစ်အာဏာသိမ်းပြီးနောက် ပြည်သူလူထုများရင်ဆိုင်ကြုံတွေ့ခဲ့သော တရားစီရင်ရေးစိန်ခေါ်မှုများကို နိုင်ငံရေးပါတီ၊ လူမှုအဖွဲ့အစည်း၊ တော်လှန်ရေးအင်အားစု၊ တက်ကြွလှုပ်ရှားသူနှင့် မြို့နယ်တရားသူကြီးအဖွဲ့စသောခေါင်းဆောင် (၆) ဦးနှင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၅) ရက်မှ (၆) ရက်ထိ (၂) ရက်တာတွေ့ဆုံဆွေးနွေးချက်များအပေါ် အခြေခံပြီး ထုတ်ပြန်ပါသည်။

၁။ ခူမီးမျိုးနွယ်စုများ၏တရားစီရင်ရေးဆိုင်ရာ အခြေခံယူဆချက်များ

ခူမီးမျိုးနွယ်စုဝင်ဆွေမျိုးစုများ (Clans) ၏ တရားစီရင်ရေးစနစ်သည်တူညီမှုရှိသည်။ စစ်အာဏာသိမ်းပြီးနောက် ပလက်ဝမြို့နယ်တွင် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများကျင့်သုံးရန် ခက်ခဲမှုရှိသကဲ့သို့ ၎င်းတို့ကိုကျင့်သုံးရန်လည်းသဘောထားကွဲလွဲမှုများရှိသည်။ ပြည်သူများအနေဖြင့် တည်ဆဲဥပဒေများကို ကျင့်သုံးစေလိုမှုများလည်းရှိသည်။ လက်တွေ့တွင် ချင်းဓလေ့ထုံးတမ်းဥပဒေများကိုသာအခြေခံနေသည်။

အချို့သောဓလေ့ထုံးတမ်းဥပဒေများသည် အမျိုးသမီးအခွင့်အရေးအပေါ်များစွာစိန်ခေါ်မှုဖြစ်ပေါ်စေသည်။ ကြီးလေးသောရာဇဝတ်မှုများကြုံတွေ့ရလျှင် ဆွေမျိုးစုအပေါ်တိုက်ရိုက် ထိခိုက်မှုမရှိဘဲ အစိုင် (Family) ကသာအဓိကတာဝန်ယူရသည်။

ကိုလိုနီခေတ်မှသာ ပလက်ဝမြို့နယ်ကို အောက်ပါဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခဲ့သည် -

(က) Laws Local Extent Act, 1874 (Scheduled Districts Act, 1874 or Act 15 of 1874)

(ခ) The Arakan Hills Civil Justice Regulation, 1874 No VII of 1874)

(ဂ) ရခိုင်တောင်တန်းဒေသ ဓလေ့ထုံးတမ်းဖြတ်ထုံးများ (၁၈၈၁)

(ဃ) The Arakan Hill District Laws Regulation, 1874

(c) The Code of Civil Procedure, 1882

၂။ ဒေသသုံး ဥပဒေဆိုင်ရာစကားရပ်များ

ခူမီးမျိုးနွယ်စုများ၏တရားစီရင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင်တိကျသော ဥပဒေဆိုင်ရာစကားလုံးများဖြင့် သုံးစွဲခေါ်ဝေါ်ကြသည်။

(က) ကာရောင် (ခူမီးဘာသာစကားဖြင့်) ဆိုသည်မှာဆွေမျိုးဖွဲ့ထားသောအစိုင် (Family) များအကြားညီအစ်ကိုဖွဲ့ထားပြီးအချင်းချင်း လက်ထပ်ခြင်းမပြုရန်ကတိခံထားခြင်းကို ဖောက်ဖျက်လျှင်အမျိုးသားဖက်မှ အမျိုးသမီး၏အစိုင်များအတွက်ပေး

လျှော်ရန်ဝက်သတ်ပြီး မျက်နှာဖြေသည့်လုပ်ငန်း စဉ်ဖြစ်သည်။

(ခ) မိုင်ရောင် (ခူမီးဘာသာစကားဖြင့်) ဆိုသည်မှာအိမ် ထောင်မိသားစုတစုတွင် အမျိုးသားဆုံးပါးသွား ပြီးနောက် ၎င်းအမျိုးသား၏ဇနီးသည် မိမိတို့ဆွေ မျိုးတို့ထံပြန်သွားခြင်းမရှိတော့ဘဲ ၎င်း၏ကလေး များနှင့် အတူနေထိုင်ရန်ဆုံးဖြတ်သောအခါအမျိုး သား၏ဆွေမျိုး (အစိုင်) များမှ အမျိုးသမီး၏ ဆွေမျိုးများအား ထပ်မံပေးဆောင်ရသောကြေး ဖြစ်သည်။

(ဂ) ကဒါမ်(ခူမီဘာသာစကားဖြင့်) ဆိုသည်မှာ အမှု တခုတွင် ပါဝင်သူနှစ်ဦးအနေဖြင့် တွေ့ဆုံဆွေး နွေးစကား ပြောဆိုနိုင်ရန်ကနဦး လုပ်ဆောင်ရွက် ရသောအဆင့်ဖြစ်ပြီး ကျူးလွန်သူဖက်မှဝက်သတ် ကာမျက်နှာဖြေတောင်းပန်ခြင်း ဖြစ်သည်။ ၎င်း ပြီးမှသာအမှုကိုကိုင်တွယ်စီရင်ရသည်။

ခူမီး (ချင်း) ဓလေ့ထုံးတမ်းအရ အမျိုးသမီးများသည် ၎င်း တို့၏သဘောဆန္ဒအရ အိမ်ထောင်ရေးကွာရှင်းပါက အမျိုးသားထံ မဂ်လာကြေးပြန်လည်ပေးလျော်ရသည်။

အမျိုးသားအနေဖြင့်ဇနီးနှင့် ကွာရှင်းလိုပါက အိမ်ထောင်ရှင်အမျိုးသမီးများသည် မိမိတို့မိဘအိမ်မှယူလာသော မှိမ် (ခူမီးဘာသာစကားဖြင့်) ခေါ်အိမ်ထောင်ပစ္စည်းများအားလုံး မိဘအိမ်သို့ ပြန်လည်ယူသွားရသည်။

အမျိုးသားများအနေဖြင့် နောက်ထပ်အိမ်ထောင်ပြုလိုပါက ပထမဇနီး၏ ဆွေမျိုးများအား နောက်ထပ်အိမ်ထောင်ပြုကြေး (ဘောက်ကြေး) ပေးလျော်ရသည်။

၃။ တောင်တရားခုံရုံး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ပလက်ဝမြို့နယ်တွင် ပလက်ဝကောင်စီအောက်၌ မြို့နယ်တရားစီရင်ရေးကော်မတီဖွဲ့စည်းတည်ထောင်ခဲ့ပြီးတရားစီရင်ရေးကိုအကောင်အထည်ဖော်ခဲ့ကြ သည်။

တရားမမှုအများစုသည် မြို့နယ်အဆင့်သို့ ရောက်ရှိမှုနည်းပြီး ကျေးရွာအဆင့်၌သာ ပြီးပြတ်လေ့ရှိသည်။ ကျေးရွာအဆင့်တွင် တောင်တရားခုံရုံးများဖွဲ့ပြီး ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။ တဖက်တွင် တရားမျှတမှုဖော်ဆောင်ရာ၌ ညှိနှိုင်းဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်အဖြစ်ပိုမိုရှုမြင်နိုင်သည်။ အမှုတွင်ပါဝင်သူနှစ်ဦး၏ စိတ်ကျေနပ်မှုရရှိရန်အဓိက ဖော်ဆောင်ပေးရခြင်းဖြစ်ပြီး မျက်နှာပြန်ဖြေခြင်း၊ မိတ်သဟာယပြန်ဖွဲ့ခြင်းစသည့် လူမှုရေးတရားမျှ

တမှုကို ပိုမိုအလေးထားသည့်အပြင် အစိုင်များအကြားယုံကြည်မှု ပြန်လည်တည်ဆောက်ရခြင်းဖြစ် သည်။

ထူးခြားချက်အနေဖြင့် ကျူးလွန်ခံရသူ၏အခွင့်အရေးကို အလေးထားခြင်း၊ တရားမျှတမှုရရှိစေခြင်း၊ စိတ်ကျေနပ်မှုရရှိခြင်း မဟုတ်ဘဲသက်ဆိုင်ရာ၏မိသားစု၊ အစိုင်များအကြားပြန်လည်သင့်မြတ်အဆင်ပြေစေမှုကိုသာ ပိုမိုအလေးပေးခြင်းဖြစ်သည်။

တောင်တရားခုံရုံးတွင် လင်မယာကွာရှင်းမှု၊ မင်္ဂလာကြေး၊ နှင့် ရွာချင်းနယ်နိမိတ်ပြဿနာများကို အများဆုံးဖြေရှင်းရသည်။ ခိုးမှုကိစ္စများတွင် မြို့နယ်အဆင့် တရားရုံးထိမရောက်ဘဲ ကျေးရွာအဆင့် တောင်တရားခုံရုံး သို့မဟုတ် ဘာသာရေးခေါင်းဆောင်များ ပါဝင်သောညှိနှိုင်းရေးအဖွဲ့များဖြင့် အမှုများကိုကျေအေးလျက်ရှိသည်။ အချို့ရွာများတွင် ခိုးမှုကိစ္စကြုံလျှင်ဖြေရှင်းရန်အတွက် ကျေးရွာအဆင့်ဥပဒေ (By Law) ကိုပြဋ္ဌာန်းကြပြီး အချို့ရွာများတွင်အခြေအနေအပေါ်အခြေခံပြီးဖြေရှင်းလေ့ရှိကြသည်။

မိန်းမခိုးမှုကိစ္စများတွင် ကဒါမ်ဟုခေါ်သော စကားပြောရန် ညှိနှိုင်းသည့်အဆင့်ကို ဖြတ်ကျော်ပြီးမှသာ သင့်လျော်သောလျော်ကြေးကို ပေးဆောင်ရသည်။ အချို့ဖြစ်ရပ်များတွင် ရွာအတွင်းဖွဲ့စည်းထားသော ခရစ်ယာန်မိတ်သဟာယအသင်းမှ ညှိနှိုင်းမှုများလည်းရှိသည်။

၄။ စိန်ခေါ်မှုများ

ပလက်ဝကောင်စီမှ ဖွဲ့စည်းသောတရားရေးကော်မတီတွင် အမျိုးသမီးပါဝင်မှုမရှိပေ။ ထို့ကြောင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ ယုံကြည်မှုရရှိရန် ခက်ခဲသည်။ အမျိုးသမီးနှင့် တရားမျှတမှုကို နှိုင်းယှဉ်ကြည့်လျှင်အချို့ဖြစ်ရပ်များတွင်အမျိုးသမီးများ အနေဖြင့်အမွေဆက်ခံခွင့်မရှိသည့်အပြင် အိမ်ထောင်ပြုပြီးနောက်သားမွေးဖွားပေးခြင်းမရှိပါက အိမ်ထောင်ရှင်အမျိုးသားသည်နောက်ထပ်အိမ်ထောင်ပြုသင့်ကြောင်း ပြောဆိုမှု၊ ကျင့်သုံးမှုများရှိနေသည်။

ပလက်ဝမြို့နယ်အတွင်း အများဆုံးကြုံတွေ့ရသောအိမ်ထောင်ရေးပြဿနာတွင် အိမ်ထောင်ရှင်အမျိုးသားက နိုင်ငံရပ်ခြားသွားပြီး (အထူးသဖြင့်မလေးရှားနိုင်ငံ) အိမ်၌ ကျန်ရစ်ခဲ့သည့်အမျိုးသမီးနှင့် ကွာရှင်းကာနောက်ထပ်အိမ်ထောင်ပြုသည့် အမှုများဖြစ်သည်။

၅။ အကြံပြုချက်များ

(က) တည်ဆဲဥပဒေများတွင် အမျိုးသမီးနှင့်ပတ်သက်သောအခွင့်အရေးများကိုပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင်အကောင်အထည်ဖော်နိုင်ရန်ခက်ခဲသောကြောင့် ကျေးရွာအဆင့်လူထုအဆင့်ကိုအခြေခံကျကျချဉ်းကပ်ပြောင်းလဲသင့်သည်။ မဲပေးရာ

တွင်လည်း အမျိုးသမီးများသည် မိမိတို့၏သဘော ဆန္ဒအရမဲပေးခြင်းမဟုတ်ဘဲ အမျိုးသားများ၏ လမ်းညွှန်ချက်အရပေးနေရမှုစသည့်အမျိုးသမီး နှင့် ပတ်သက်၍စိန်ခေါ်မှုများကိုလျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သည်။

(ခ) ခူမီးမျိုးနွယ်စုအတွင်း ကြားကာလခူမီးမျိုးနွယ်စု များရေးရာ အတိုင်ခံကောင်စီကအဓိကအလေး ထားဆောင်ရွက်ရန်သင့်တော်သည်။

(ဂ) ခိုးမှုကိစ္စများတွင် ကျူးလွန်သူကခိုးယူခဲ့သည့် ပစ္စည်းကို ပြန်ပေးအပ်ပြီး ပြန်လည်တောင်းပန်ရုံ ဖြင့်အမှုပြီးပြတ်မှုများရှိ သောကြောင့်လိုအပ် သော စနစ်တကျအရေးယူမှုများလည်းရှိရန်လို အပ်သည်။

(ဃ) ပလက်ဝမြို့နယ်တွင်ချင်းလူမျိုးများအပြင်အခြား လူမျိုးများလည်းရောနှောနေထိုင်ခြင်း၊ သွားလာ ခြင်းများရှိသောကြောင့် အားလုံးကိုလွှမ်းခြုံသော တရား စီရင်ရေးဆိုင်ရာ ကျင့်ထုံးများရှိသင့်သည်။

(င) ခူမီး (ချင်း) ဓလေ့ထုံးတမ်းများအရတရားမျှတမှု ကိုဖော်ဆောင်ရာတွင်ကျူးလွန်ခံရသူ၏ သဘော

ထားနှင့် စိတ်ပိုင်းဆိုင်ရာကျေနပ်မှုရရှိရေး ကို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။

(စ) ကျေးရွာတိုင်းတွင် ရွာဖွဲ့စည်းအုပ်ချုပ်ပုံလက်စွဲ (Village Manual) ရေးဆွဲပြီးပိုမိုစနစ်ကျသော ရွာတည်ဆောက်ပုံကိုဖော်ဆောင်ရန်လိုအပ်သည်။

------ End -------

Contact: +919383388523
Gmail: kimoinstitute23@gmail.com
Website: https://kimoinstitute.org/